ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

သတ္တမနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် )**

**[ သောကြာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက် ၁၀၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာကြည့်တိုက်၊ သိပ္ပံခန်း၊ Multi Media Room နှင့် အားကစားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် အန္တရာယ်ရှိကျောင်းများ၊ တိုးချဲ့အသစ်ဆောက်လုပ်ရန်လိုအပ်သော ကျောင်းများ၊ ဆရာ၊ ဆရာမများ အတွက် ဝန်ထမ်းအိမ်ရာများ စသည့် ဦးစားပေးဆောင်ရွက်ရမည့် အဆောက်အဦများအား ဆောက်လုပ်ပေးနေရသည့်အပြင် စာကြည့်တိုက်များ၊ သိပ္ပံခန်းများကိုလည်း ဆက်လက်လျာထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

(ခ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်တွင် ဒေသခံတိုင်းရင်းသား**

**ရင်သွေးငယ်လေးများ ပညာသင်ကြားရေးကို အဆင့်မြှင့်တင်ပေးနိုင်ရေး အတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရွှေဝါနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း တောင်းကော်တို့ကို အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ရွှေဝါနှင့် အခြေခံပညာ မူလတန်းလွန်ကျောင်း တောင်းကော်တို့သည် အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်မူများနှင့် ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် သက်ဆိုင်ရာကျောင်း အဆင့်များသို့ တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးပြီး အလုပ်သမား ရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်(၁)ဦးက ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၁၀၉ နာရီအချိန်တွင် ရပ်နားပြီး အဌမနေ့ အစည်းအဝေးကို ၂၉-၅-၂၀၁၈ ရက်နေ့ (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**